COVID-19 ကာကွယ်ဆေး

# သိရှိရန် အချက်အလက်များ

## နောက်ဆက်တွဲ ကာကွယ်ဆေး (BOOSTER)

လူကြီး၊ ကလေး နှံ့ ကလေးငယ်များ အတွက် အခု ရပါပြီ



### COVID-19 ကာကွယ်ဆေးများသည် ဘေးကင်းစိတ်ချရပါသည်

COVID-19 ကာကွယ်ဆေးများသည် အပြင်းအထန်ဖျားနာခြင်း၊ ဆေးရုံတက်ရခြင်း နှင့့် သေဆုံးခြင်းမှ ကာကွယ်ပေးပါသည်။ အကျုံးဝင်မှုအလိုက် ထပ်ဆောင်းထိုးခြင်း (booster dose) အပါအဝင် နောက်ဆုံးပေါ် COVID-19 ကာကွယ်ဆေးများကို ထိုးထားခြင်းသည် အကောင်းဆုံးကာကွယ်မှု ရရှိစေရန် အရေးကြီးပါသည်။

### နောက်ဆက်တွဲ ကာကွယ်ဆေးထိုးခြင်း (BOOSTERS) သည် ဘေးကင်းစိတ်ချရပါသည်

COVID-19 နောက်ဆက်တွဲ ကာကွယ်ဆေးများသည် မူလ ကာကွယ်ဆေးများကဲ့သို့ ပါဝင်ပစ္စည်းများ အတူတူဖြစ်ပြီး လူသန်းပေါင်းများစွာတို့တွင် ဘေးကင်းကြောင်း သက်သေပြပြီးဖြစ်သည်။ အပျော့စား ဘေးထွက်ဆိုးကျိုးတို့သည် ပုံမှန်သာဖြစ်သည်။ ပြင်းထန်သော ဘေးထွက်ဆိုးကျိုးတို့သည် အလွန်ရှားပါးပါသည်။





### နောက်ဆက်တွဲကာကွယ်ဆေး (BOOSTER) က သင့်ကို ဆက်လက် ကာကွယ်ပေးပါသည်

ကာကွယ်ဆေး ဖြစ်ပါသည်။ သင်သည် ကာကွယ်ဆေး အကြိမ်ရေ အပြည့် ထိုးပြီးနောက် COVID-19 ကူးစက်ခြင်းကို ဆက်လက်ကာကွယ်စေရန် ထပ်မံထိုးရသော ထိုးဆေးများကို နောက်ဆက်တွဲကာကွယ်ဆေးများ (Boosters) ဟု ခေါ်သည်။



နောက်ဆက်တွဲ ကာကွယ်ဆေးထိုးခြင်းသည် ကာကွယ်ဆေးများစွာတို့အတွက် ပုံမှန်ပြုလုပ်ခြင်း ဖြစ်ပါသည်။ ဥပမာ မေးခိုင်ကာကွယ်ဆေးသည် လူကြီးများတွင် 10 နှစ်ကြာတိုင်း နောက်ဆက်တွဲ ကာကွယ်ဆေး (booster) ထိုးရန် လိုအပ်ပါသည်။

သိပ္ပံပညာရှင်တို့၏ တွေ့ရှိချက်အရ အချို့ကာကွယ်ဆေးများ၏ ကာကွယ်ပေးနိုင်စွမ်းသည် အချိန်ကြာလာသည်နှင့့်အမျှ ကျဆင်းလာပါသည်။ နောက်ဆက်တွဲ ကာကွယ်ဆေး (booster) များက ဆက်လက်ကာကွယ်ပေးရန် ကူညီပေးပါသည်။ COVID-19 နောက်ဆက်တွဲထိုးဆေးများသည် လုပ်ဆောင်ပုံတူညီကြပါသည်။

NRC-RIM
National Resource Center for Refugees, Immigrants, and Migrants

23 Mar 2023

ပိုမိုသိလိုပါက- cdc.gov/coronavirus

# နောက်ဆက်တွဲ ကာကွယ်ဆေး (booster) ကို မည်သူ ရယူနိုင်သနည်း

နောက်ဆက်တွဲ ကာကွယ်ဆေး (booster) သည် လူတိုင်းကို နောက်ထပ်ကာကွယ်မှု ပေးပါသည်။ သို့သော် COVID- 19 ဖြစ်ပွားနိုင်ခြေ သို့မဟုတ် ဖြစ်ပွားပါက အပြင်းအထန် ဖျားနာနိုင်ခြေရှိသည့် ကျန်းမာရေး ချို့ယွင်းနေသူများ၊ အလုပ် သို့မဟုတ် နေထိုင်မှု အခြေအနေ ရှိသူများအတွက် အထူးအရေးကြီးပါသည်။

သင်၏ နိုင်ငံတွင်းနေထိုင်မှု အခြေအနေ မည်သို့ပင်ဖြစ်စေ၊ ကျန်းမာရေးအာမခံ သို့မဟုတ် ID ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ နောက်ဆက်တွဲ ကာကွယ်ဆေး (booster) များသည် လူတိုင်းအတွက် အခမဲ့ ဖြစ်ပါသည်။



## ပိုမိုကာကွယ်မှုကို ရယူပါ

သင်ကိုယ်တိုင်၊ သင့်မိသားစုနှင့် သင့်အသိုင်းအဝိုင်းကို COVID-19မှ ကာကွယ်ရန် အကောင်းဆုံးနည်းမှာ နောက်ဆုံးပေါ် ကာကွယ်ဆေးများ ထိုးထားရန်ဖြစ်ပါသည်။ နောက်ဆုံးပေါ်ဆေးကို ထိုးထားခြင်းဆိုသည်မှာ နှစ်ကြိမ်ထိုးရသော ကာကွယ်ဆေးအတွက် နှစ်ကြိမ်စလုံး ထိုးပြီးခြင်းနှင့် အကျုံးဝင်မှုအလိုက် ထပ်ဆောင်းထိုးခြင်း (booster shot) ဖြစ်သည်။

လူတိုင်း ဘေးကင်းနေစေရန် နှာခေါင်းစည်းတပ်ခြင်း၊ လူတစ်ဦးနှင့်တစ်ဦး ခွါနေခြင်း (social distancing), ဖျားနာပါက အိမ်တွင်နေခြင်းတို့ကို ဆက်လက်ပြုလုပ်ပါ။

# သင့်ကိုယ်သင်ကာကွယ်ပါ။ သင့် ပတ်ဝန်းကျင်ကို ကာကွယ်ပါ။ ကာကွယ်ဆေးထိုးပါ။